ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး**

(၁၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး(၁၂)ရက်မြောက်နေ့အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၃.၆၇)ရာခိုင်နှုန်းရှိပြီးတက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက်၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့၆-၁၂-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသောအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စားစစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးကျော်သန်း၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဆေးရုံတက်ရောက် ကုသနေရပါသည်။ ဒေါက်တာမြသောင်း၊ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ကူးစက်ရောဂါဆိုင်ရာ ဥပဒေပြန်လည်ရေးဆွဲရေးညှိနှိုင်း အစည်းအဝေးတက်ရောက်ရန် တို့ဖြစ်ကြပါတယ်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၁)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၃)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၁၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)မြောက်နေ့ကိုတက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦးဖြစ်၍၊ အမျိုးသားလွှတ်တော်ကစုစုပေါင်းခွင့်ပြုထားသူ (၁၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီတွင် ဥက္ကဋ္ဌနေရာ ပြောင်းလဲပြင်ဆင် ဖွဲ့စည်းခြင်း၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးနေရာ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတွင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နေရာအစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီတွင်ဥက္ကဋ္ဌအဖြစ် ဦးဇုန်လှယ်ထန်းအစား ဒေါက်တာသန်းဝင်းအား ပြောင်းလဲပြင်ဆင် ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဒေါက်တာသန်းဝင်းအစား ယင်းကော်မတီ၏ အတွင်းရေးမှူး ဒေါက်တာဇော်လင်းထွန်းအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာဇော်လင်းထွန်း အစား ဒေါက်တာစန်းမောင်မောင်အား အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဒေါက်တာခွန်ဝင်းသောင်း အစား ဦးအောင်ကြည်ညွန့်အားလည်းကောင်း၊ အဖွဲ့ဝင်အဖြစ်ဗိုလ်မှူးဝင်းသိန်း အစား ဗိုလ်မှူးချုပ်ချစ်ဦး အားလည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့တင်ပြပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီတွင် ဥက္ကဋ္ဌနေရာ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးနေရာ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နေရာ အစားထိုးပြင်ဆင် ဖွဲ့စည်းခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီတွင် ဥက္ကဋ္ဌနေရာ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတွင် ဥက္ကဋ္ဌနှင့်

အတွင်းရေးမှူးနေရာ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတွင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နေရာ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့၊ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ တောပုကျေးလက်ကျန်းမာရေးဌာနအပိုင် ကြက်တက်ညောင်ပင် ကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး က ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ တောပုကျေးလက်ကျန်းမာရေးဌာနအပိုင် ကြက်တက်ညောင်ပင် ကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးမင်းဦး၊ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါတဲ့အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ တောပုကျေးလက် ကျန်းမာရေးဌာနအပိုင် ကြက်တက်ညောင်ပင်ကျေးရွာတွင် တိုက်နယ် ဆေးရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းအားအမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာတင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုက်နယ်ဆေးရုံတည်ဆောက်မယ့် ကြက်တက် ညောင်ပင်ကျေးရွာဟာ အုတ်တွင်းမြို့နယ်ရဲ့ အနောက်မြောက်ဘက် ရန်ကုန်- မန္တလေး ကားလမ်းမကြီး လမ်းဟောင်းကနေ ခပေါင်းဆည်အထိ ဖောက်လုပ်ထားတဲ့လမ်းပေါ်မှာတည်ရှိပြီး ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးရဲ့ မိုင်တိုင်အမှတ် (၁၄၃)မိုင်၊ (၄)ဖာလုံအနီးမှာ တည်ရှိပါတယ်။ အုတ်တွင်းမြို့နယ်

ဆေးရုံနှင့် (၇)မိုင်၊ တောင်ငူမြို့နယ်နှင့် (၉) မိုင်၊ ယခုတောပုကျေးလက်ကျန်းမာရေးဌာနနှင့် (၃)မိုင်၊ (၄)ဖာလုံ အကွာမှာတည်ရှိပါတယ်။ တိုက်နယ်ဆေးရုံ အဆင့်မြင့် တိုးမြှင့်ဖွင့်လှစ်ပြီးပါက ပတ်ဝန်းကျင် ကျေးရွာ၊ ခပေါင်းဆည်ရေအားလျှပ်စစ် စီမံကိန်းအပါအဝင် ကျေးရွာပေါင်း(၄၁)ရွာနှင့် တောင်ငူမြို့ အနောက်ဘက် အမြန်လမ်းမကြီးဘေးမှ ကျေးရွာများကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မှာ ဖြစ်ပါတယ်။ အကျယ်အဝန်းမှာ စတုရန်းမိုင် (၆၄) မိုင်ကျယ်ဝန်းပါတယ်။

လူဦးရေစုစုပေါင်း (၁၃၁၅၁)ဦးရှိပြီး အိမ်ခြေမှာ (၂၇၀၇)အိမ်ရှိပါတယ်။ ရုံးဌာနများ အနေဖြင့် ခပေါင်းရေအားလျှပ်စစ်စီမံကိန်းတစ်ခု၊ ဧက (၂၀၀၀)စိုက်ခင်း၊ ခပေါင်းဆည် ထိန်းသိမ်းရေး စီမံကိန်းပါရှိပြီး တိုက်နယ်ဆေးရုံဖွင့်လှစ်ပြီးပါက ဧရိယာစတုရန်းမိုင် (၆၄)မိုင် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ခွင့်ပြုရန်ပုံငွေရရှိပါက အဆောက်အဦအတွက် မြေနေရာလှူဒါန်းမည့် အလှူရှင်ရှိပြီးသား လည်းဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ ရန်ကုန်-မန္တလေး ကားလမ်းမကြီး လမ်းဟောင်းမ ၂ ကျောက်ခင်းလမ်းမကြီးရှိပြီးရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှတစ်ဆင့် ပတ်ဝန်းကျင်ကျေးရွာများသို့ မြေသားလမ်းများ အသုံးပြုသွားလာနိုင်ပါတယ်။ အမြန်လမ်း ရဲစခန်းနှင့် (၃)မိုင်အကွာမှာ ရှိတဲ့အတွက် လုံခြုံရေးအတွက်လည်း စိတ်ချရပါတယ်။

ဒေသခံပြည်သူများအနေနဲ့လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး သစ်တော စိုက်ခင်းများ၊ ရေအားလျှပ်စစ်စီမံကိန်း၊ သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ဆည်မြောင်းဦးစီးဌာနလုပ်ငန်းများနှင့် ငါးဖမ်းလုပ်ငန်းများကို ဆောင်ရွက်ကြပြီး အထက်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်း (၃)ကျောင်းနှင့် မူလတန်းကျောင်း (၂၃)ကျောင်းရှိပါတယ်။ တောပုကျေးလက်ကျန်းမာရေးဌာနမှာ ရန်ကုန်-မန္တလေးကားလမ်းမကြီးနှင့် အမြန်လမ်းမကြီးကြား တွင်အများဆုံးပါဝင်ပြီး အသက်အန္တရာယ်ရှိသော လူနာများပေါ်ပေါက်လာပါက မြို့နယ်ဆေးရုံနှင့် ဝေးကွာခြင်း၊ တောင်ငူဆေးရုံနှင့်ဝေးကွာခြင်း၊ တောင်ငူမြို့နယ် ညောင်ကိုင်းတိုက်နယ်ဆေးရုံနှင့် လက်လှမ်းမမီနိုင်ခြင်း၊ ပွင့်လင်းရာသီချိန်မှသာ ဂွန်ဒေါင်း၊ ကားစသည်ဖြင့် သွားလာနိုင်ခြင်းတို့ကြောင့် အရေးပေါ်လူနာများအတွက် အချိန်မီလက်လှမ်းမီစွာ ဆောင်ရွက်ပေးနိုင်မည့် တိုက်နယ်ဆေးရုံတစ်ရုံ လိုအပ်ပါတယ်။

ဒါ့အပြင် အမြန်လမ်းမကြီးတစ်လျှောက်မှာ ရန်ကုန်မှ မိုင်(၇၀)အကွာတွင် ကျောက်တံခါးမြို့ နယ်အတွင်းမှာ တိုက်နယ်ဆေးရုံတစ်ရုံ၊ ကျောက်တံခါးမှ မိုင်(၇၀)အကွာ အုတ်တွင်းမြို့နယ်မှာ ကြက်တက်ညောင်ပင်တိုက်နယ်ဆေးရုံတစ်ရုံပေါ်ပေါက်လာပါက ရန်ကုန်နှင့် နေပြည်တော်အကြား မိုင်(၇၀)အကွာတွင် တိုက်နယ်ဆေးရုံတစ်ရုံစီတည်ရှိလာမှာဖြစ်တဲ့အတွက် ဒေသခံပြည်သူများနှင့် အမြန်လမ်းမကြီးကို အသုံးပြုနေကြတဲ့ ခရီးသွားပြည်သူများအတွက်လည်း များစွာအသုံးဝင်ပြီး အကျိုးရှိမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အုတ်တွင်းမြို့နယ်မှဒေသခံမဲဆန္ဒရှင် ပြည်သူများ ကိုယ်စားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းလိုသည်မှာ (က) ပဲခူးတိုင်း ဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ တောပုကျေးလက်ကျန်းမာရေးဌာနအပိုင် ကြက်တက်ညောင်ပင် ကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံကို လာမယ့် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် (ခ) အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် မည်သို့ပြုလုပ်ဆောင်ရွက်

သွားမည်ကို သိရှိလိုပါသဖြင့် လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးတွင် လက်ရှိလိုအပ်လျက်ရှိသည့် အထူးကုဆရာဝန်များနှင့် ဆေးရုံသုံးပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီးစစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း က စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ခုတင် (၂၀၀) ဆံ့ ဆေးရုံကြီးတွင် လက်ရှိလိုအပ်လျက်ရှိသည့် အထူးကုဆရာဝန်များနှင့် ဆေးရုံသုံးပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကိုယ်စိတ် ရွှင်လန်းအေးချမ်းကြပါစေလို့ လေးစားစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှာ စစ်ကိုင်း၊ မြင်းမူ၊ မြောင် သုံးမြို့နယ်ရှိပါတယ်။ အဲဒီတော့ ကျွန်တော်မေးမယ့် မေးခွန်းကစစ်ကိုင်းမြို့၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးမှာ လိုအပ်လျက်ရှိတဲ့ အထူးကုဆရာဝန်များနှင့် ဆေးရုံသုံးပစ္စည်းများကို ပြည်ထောင်စု အစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စစ်ကိုင်းမြို့ဟာ တိုင်းမြို့တော် ဖြစ်ခဲ့ပြီး စစ်ကိုင်း၊ မြင်းမူ၊ မြောင်အပါအဝင် ခရိုင်မြို့တစ်မြို့လည်းဖြစ်ပါတယ်။ စစ်ကိုင်းခရိုင်အတွင်း ရပ်ကွက်၊ ကျေးရွာပေါင်း (၄၀၀)ကျော်ခန့်နဲ့ လူဦးရေ (၅)သိန်းကျော်နေထိုင်လျက်ရှိပါတယ်။ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်အတွင်းမှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်း တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ သမဝါယမတက္ကသိုလ်၊ ပြည်ထောင်စု လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ပညာရေးကောလိပ်တို့တည်ရှိပြီး Knowledge City လို့ တင်စားခေါ်ဝေါ်ခြင်းခံရတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ဒါ့အပြင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ မင်းကွန်း တိပိဋကနိကာယကျောင်းတိုက်၊ သုဗောဓာရုံစာသင်တိုက်၊ မြစကြာစာသင်တိုက်၊ ဇိနောဒယ စာသင်တိုက်၊ ဟံသာဂီရိစာသင်တိုက် အစရှိတဲ့ရဟန်းသာမဏေများ ပညာသင်ကြားနေတဲ့ စာသင်တိုက်ကြီးများလည်းရှိပါတယ်။

နောက်ပြီး ဇေယျာသိင်္ဂီ သီလရှင်စာသင်တိုက်၊ သကျဓီတာသီလရှင်စာသင်တိုက်နဲ့ အခြားအခြားသော သီလရှင်စာသင်တိုက်များ အများအပြားရှိပြီး သာသနာတော်အား စောင့်ရှောက်

တော်မူကြ တဲ့ရဟန်း၊ သာမဏေ၊ သီလရှင်၊ သူတော်စင်အစရှိတဲ့သာသနာပြုပုဂ္ဂိုလ်ကျော်များ ခိုမှီးကိန်းအောင်း သီတင်းသုံးနေထိုင်ရာ ဒေသတစ်ခုလည်းဖြစ်ပါတယ်။ စစ်ကိုင်းခရိုင်၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးမှာ နေ့စဉ်ပျမ်းမျှလူနာ (၁၀၀)ကျော်နှင့် အတွင်းလူနာ (၁၅၀)ကျော်တို့ အားကိုးအားထားပြု တက်ရောက်ကုသနေတဲ့ ဆေးရုံကြီးတစ်ရုံ ဖြစ်ပါတယ်။ သို့သော် ဆေးရုံကြီးမှာ အထူးကုဆရာဝန်များ ပြည့်စုံလုံလောက်မှုမရှိခြင်း၊ ဆေးရုံသုံးပစ္စည်းများပြည့်စုံစွာမရှိခြင်းတို့ကြောင့် စစ်ကိုင်းဆေးရုံ ရောက်ပြီးမှ မန္တလေးဆေးရုံသို့ ပြောင်းရွှေ့ကုသရတဲ့ အနေအထားမျိုး ဖြစ်နေပါတယ်။ သို့အတွက် ဒေသခံ ပြည်သူများအနေနဲ့ ဆေးကုသစရိတ်၊ သွားရေးလာရေး၊ ငွေကုန်ကြေးကျများပြားခြင်း၊ သွားမှုလာမှု ခက်ခဲခြင်း အစရှိတဲ့ ဒုက္ခတွေနဲ့ ကြုံတွေ့နေကြရပါတယ်။

ဒါကြောင့် ၎င်းအခက်အခဲများကို ကျော်လွှားပြီးတော့ ပြည်သူများအားကိုးအားထား ပြုနိုင်မယ့် ဆေးရုံကြီးတစ်ရုံဖြစ်ရန် လိုအပ်ပါတယ်။ သို့အတွက်ကြောင့် ဆေးရုံကြီးမှာ လိုအပ်နေတဲ့ (၁) မွှခင်းဆေးပညာ အထူးကုဆရာဝန်တစ်ဦး၊ (၂) ရောဂါဗေဒအထူးကုဆရာဝန်တစ်ဦး၊ (၃) နား၊နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်တစ်ဦး၊ (၄) သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်တစ်ဦး၊ (၅) ဆေးပညာ အထူးကုဆရာဝန်တစ်ဦး၊ (၆) အရိုး၊ အကြောအထူးကု ဆရာဝန်တစ်ဦးတို့ ခန့်ထား ပေးနိုင်ခြင်း ရှိ/မရှိနဲ့ ဆေးရုံသုံးပစ္စည်းများနှင့် ပတ်သက်၍ (၁) အရေးပေါ်ထိခိုက် ဒဏ်ရာရလူနာများ အတွက် Computer သုံးဓာတ်မှန် (CT Scan) တစ်လုံး၊ (ခ)ပြောင်းရွှေ့နိုင်တဲ့ TV ဓာတ်မှန်စက် (Portable USG) တစ်လုံး။ (၂) ကျောက်ကပ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ကျောက်ကပ် တုသွေးသန့်စင်စက် (Renal Dialysis)တစ်လုံး၊ (၃) အစာအိမ်နှင့် အူလမ်းကြောင်း ကြည့်မှန်ပြောင်း (Endoscope)၊ (၄) လူနာဆောင်များ Oxygen ပေးနိုင်ရန် Oxygen plant တပ်ဆင်ခွင့်တို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ကြီးအနေဖြင့် ဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ/မရှိနှင့် ရှိသည်ဆိုပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကုလားကုတ်ကျေးရွာ၌ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ က မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကုလားကုတ်ကျေးရွာ၌ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ မင်္ဂလာပါ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ အစဉ်ထာဝရပြည့်ဝပါစေ ကြောင်းဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်

မေးခွန်းကတော့ မိုးရာသီနဲ့ လှိုင်းလေထန်တဲ့ ကာလတွေမှာ သွားလာရန်ခက်ခဲတဲ့ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကုလားကုတ်ကျေးရွာအုပ်စုမှာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ ဆောက်လုပ်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းတဲ့ မေးခွန်းပဲဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကုလားကုတ်ကျေးရွာဟာ ရေးမြို့ ပြည်သူ့ဆေးရုံကြီးနဲ့ မိုင်(၅၀)ခန့်၊ လမိုင်းမြို့နဲ့ ရေမိုင်(၁၀)မိုင်ခန့်၊ နှစ်ကရင်ကျေးရွာနဲ့ ရေမိုင်(၂၅)မိုင်ခန့်၊ ကော့ဒွတ်ကူးတို့ဆိပ်ကျေးရွာနဲ့ ရေမိုင်(၇)မိုင်ကျော်ကွာဝေးတဲ့ ကျွန်းကျေးရွာ တစ်ရွာဖြစ်ပါတယ်။ အဆိုပါကျေးရွာအုပ်စုမှာ အောက်ဆိပ်၊ အပေါ်ဆိပ်၊ အလယ်ဆိပ်နဲ့ ပသျှူးချောင်း ကျေးရွာ(၄)ရွာတည်ရှိပြီး စုစုပေါင်းအိမ်ခြေ(၁၂၀၀)ကျော် တည်ရှိပြီးတော့ လူဦးရေအားဖြင့် (၆၀၀၀) ကျော်ရှိတဲ့ ကျေးရွာတစ်ရွာဖြစ်ပြီး အဓိကအားဖြင့် ပင်လယ်ငါးဖမ်းခြင်းလုပ်ငန်းဖြင့် လုပ်ကိုင်ကြပါတယ်။ ကျေးရွာတစ်ရွာမှ တစ်ရွာသို့ ရွာချင်းဆက်လမ်းများ တည်ရှိကြပြီး အထက်တန်းကျောင်း(၁) ကျောင်း၊ တွဲဖက်အလယ်တန်းကျောင်း(၁)ကျောင်း၊ မူလွန်ကျောင်း(၂)ကျောင်း၊ ဘုန်းကြီးကျောင်း(၄)ကျောင်း အသီးသီးရှိကြပါတယ်။ ကုလားကုတ်ကျေးရွာဟာ ရေများပတ်ပတ်လည်ဝန်းရံလျက်ရှိတဲ့ ကျွန်းစုရွာဖြစ်ပြီး ခရီးသွားလာရာမှာရေလမ်းခရီးကိုသာ ပင်လယ်ပြင်ကို ဖြတ်သန်းပြီးတော့သွားလာနေရတဲ့ အတွက်ကြောင့် မိုးတွင်းကာလနှင့် လှိုင်းလေထန်တဲ့ကာလတွေမှာ အန္တရာယ်ရှိတဲ့အနေအထားကြုံတွေ့နေရပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကုလားကုတ်ကျေးရွာအုပ်စုနဲ့ အောက်ဆိပ်နဲ့ အပေါ်ဆိပ်တွေမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ(၂)ခု၊ သားဖွားဆရာမ(၂)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသော်လည်း အရေးပေါ်လူနာများအတွက် ကုသရန်လိုအပ်ပါက အနီးစပ်ဆုံး လမိုင်းမြို့ ဆေးရုံသို့ ရေစုန်ခရီး(၁)နာရီ၊ ရေဆန်ခရီး (၁)နာရီနဲ့ မိနစ်(၃၀)ခန့် ကြာမြင့်သော ပင်လယ်ပြင်ခရီးကို ဖြတ်သန်းရပါသောကြောင့် အရေးပေါ်လူနာများအတွက် အခက်အခဲများတွေ့ကြုံနေရပါတယ်။ ထို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုတိုးတက်ကောင်းမွန်စေရေး၊ ပြည်သူများ အသက်ဆုံးရှုံးမှုလျော့နည်းစေရေးတို့အတွက် ကုလားကုတ်ကျေးရွာမှာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁)ရုံ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ပါက ကုလားကုတ်ကျေးရွာသူ၊ ကျေးရွာသားများရဲ့ ကျန်းမာရေး အခက်အခဲကို ဖြေရှင်းပေးနိုင်မှာ ဖြစ်ပါသောကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများရဲ့ကိုယ်စား မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**တရုတ်ပြည်မှ အပ်စိုက် ဗေဒပညာရပ် (Acupuncture) နှင့် အိန္ဒိယ အာယုဗ္ဗေဒ ဘာသာရပ်တို့ကို ဆက်လက်ပို့ချ၍ ကုသခန်းတွင် အသုံးပြုခွင့် ရှိ/မရှိနှင့် မည်သည့်ကာလတွင် စတင်ကုသခွင့်ပြုမည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) က တရုတ်ပြည်မှ အပ်စိုက် ဗေဒပညာရပ် (Acupuncture) နှင့်

အိန္ဒိယအာယုဗေ္ဗဒဘာသာရပ်တို့ကို ဆက်လက်ပို့ချ၍ ကုသခန်းတွင် အသုံးပြုခွင့် ရှိ/မရှိနှင့် မည်သည့်ကာလတွင် စတင်ကုသခွင့်ပြုမည်ကိုသိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်အပေါင်းအားလုံးကျန်းမာချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ဖြစ်ပါတယ်။ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုရေးရာ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အနေနဲ့ ကျွန်တော့်ဆီကို မဲဆန္ဒရှင်များက ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၃ ရက် နေ့စွဲပါ စာအမှတ်တို့ဖြင့် မြန်မာ့ဆေးနဲ့ မသက်ဆိုင်တဲ့ အထူးဘာသာရပ်နှင့် နည်းပညာများ အသုံးပြု၍ ကုသမှုမပြုရန် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ လက်ရှိ ညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားချက်ထုတ်ပြန်ခဲ့တာကို တင်ပြလာပါတယ်။

အဆိုပါကိစ္စနဲ့ ပတ်သက်ပြီး ယခုလို ရွာကမ္ဘာကြီးဖြစ်နေတဲ့ အချိန် လူသားအားလုံး ကျန်းမာအောင် စွမ်းဆောင်နိုင်ရေးနဲ့ အသက်ရှည်ရှည် ရောဂါကင်းကင်း လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် စီစဉ်ပေးနေတဲ့ကာလမှာ မဖြစ်သင့်လို့ ယူဆပါတယ်။ လက်ရှိအားဖြင့် ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ဆေးရုံ၊ဆေးပေးခန်းတွေမှာ တရုတ်ဆေးဟာ Herbal Medicine ဖြစ်တဲ့ Artemisia annua အပင်က သိပ္ပံနည်းကျထုတ်ယူတဲ့ Artemisinine, Artemether, Artesunate ငှက်ဖျားကာကွယ်ဆေးတွေကို အနောက်တိုင်းဆရာဝန်များကို ကန့်သတ်ထားခြင်းမပြု အသုံးပြုခွင့်ရှိပြီး ပိတ်ပင်ခြင်းမရှိတာ တွေ့ရပါတယ်။ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်မှာ ဖွင့်လှစ်ခဲ့တဲ့ မန္တလေးက တိုင်းရင်းဆေးတက္ကသိုလ်ကြီးမှာ ပုဂံခေတ်ကတည်းက သမိုင်းမှတ်တမ်းများအရ အိန္ဒိယက အာယုဗေ္ဗဒ ဆေးပညာရပ်ကို အခြေခံပြီး မြန်မာတစ်မျိုးသားလုံး ကျန်းမာရေးကိုစောင့်ရှောက်ခဲ့တဲ့ သမိုင်းအစဉ်အလာရှိခဲ့ပြီး ရတနာပုံခေတ် မင်းတုန်းမင်းတရားကြီး လက်ထက်မှာမှ တောင်သာဆရာမှူးနဲ့က ဒေသနာ(၂)ရပ်၊ တောင်သာခြောက်လုံးကောက် ဆေးပညာဥပဒေသကို တီထွင်ခဲ့တာဖြစ်ပါတယ်။

မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှကိုလိုနီခေတ် သူ့ကျွန်ဘဝ မရောက်မီတစ်လျှောက်လုံး အာယုဗေ္ဗဒ ဆေးပညာဟာ မြန်မာပြည်မှာ ပျံ့နှံ့ခဲ့ပြီး မြန်မာ့တိုင်းရင်းဆေးနယ်ပယ်မှာ အနောက်တိုင်းဆေးထက် စောစီးစွာရောက်ရှိခဲ့တာ ဖြစ်ပါတယ်။ ယခုလက်ရှိ အစိုးရသစ်ရဲ့ နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော် အိန္ဒိယနိုင်ငံ ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့စဉ်ကလည်း တိုင်းရင်းဆေးကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်တင် နဲ့ အိန္ဒိယတိုင်းရင်းဆေးဝန်ကြီးဌာန၊ အတွင်းဝန် Mr. Sheri Argit Marin တို့ စာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပါသေးတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခြားသောတရုတ်နိုင်ငံမှ ဆေးပညာတစ်ရပ်ဖြစ်တဲ့ Acupuncture ဘာသာရပ်ကလည်း ကမ္ဘာ့အရှေ့တိုင်း၊ အနောက်တိုင်း ဆေးပညာလောကမှာ နာမည်ကြီး ရေပန်းစားလျက်ရှိပြီး နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံကြီးနဲ့ မင်္ဂလာဒုံစစ်ဆေးရုံတို့မှာ Acupuncturist ဆရာဝန်တွေရှိနေပါတယ်။ မြန်မာနိုင်ငံကို Acupuncture ပညာရပ် ၁၉၆၅-၁၉၇၀ ကာလပိုင်းမှာ

ရောက်ရှိခဲ့ပြီး အဆိုပါပညာရပ်နဲ့ ပတ်သက်တဲ့ စာအုပ်များကို ပညာရှင်(၇)ဦးက ရေးသားထုတ်ဝေပြီးလည်း ဖြစ်ပါတယ်။

အဆိုပါ Acupuncture ဘာသာရပ်ကို ၂၀၀၅ ခုနှစ်လောက်မှာ တိုင်းရင်းဆေးတက္ကသိုလ်အတွက် တရုတ်ပြည်မှ Acupuncturist ပညာရှင် Ms. WanLinn ဟာ WHO အစီအစဉ်နဲ့ (၃)လတာလာရောက်သင်ကြားပို့ချခဲ့ပြီးတော့ တိုင်းရင်းဆေးတက္ကသိုလ်ကြီးက Acupuncture ပညာရပ်သင်ကြားဖို့ပညာတော်သင်(၂)ဦးကိုလည်း တရုတ်ပြည်သို့ (၂)နှစ်တာ သွားရောက်ခဲ့ပြီး လက်ရှိမှာတိုင်းရင်းဆေးတက္ကသိုလ်မှာပဲ Acupuncture Department ဌာနသီးသန့် ဖွင့်လှစ်ထားရှိပါတယ်။ နှစ်စဉ် တိုင်းရင်းဆေးဘွဲ့ BMTM နဲ့ မဟာသိပ္ပံဘွဲ့ MMTM တို့ကို ချီးမြှင့်ပေးလျက်ရှိပြီး ကျောင်းဆင်းဘွဲ့ရအားလုံး ပျမ်းမျှနှစ်စဉ် (၁၅၀)ခန့်စီ ချီးမြှင့်ပေးခဲ့ပါတယ်။ မြန်မာပြည် ဒေသအနှံ့အပြားမှာပြည်သူ့ကျန်းမာရေး ကဏ္ဍအတွက် စောင့်ရှောက်ပေးလျက်လည်းရှိပါတယ်။

သို့ပါ၍ မူလကတည်းက မူဝါဒဆုံးဖြတ်ချက်များနဲ့အညီ ရေးဆွဲပြဋ္ဌာန်းထားတဲ့ ပြည်ပမှအာယုဗ္ဗေဒကုထုံးနဲ့ Acupuncture ကုထုံးများကို အထူးဘာသာရပ်အဖြစ် မခွဲခြားဘဲ မြန်မာပြည်သူလူထု ကျန်းမာရေးအတွက် ဆက်လက်အသုံးပြုခွင့်ရရှိရန် စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ မည်သည့်ကာလတွင် ခွင့်ပြုမည်ဖြစ်ပါကြောင်းတို့ကို ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့၊ မြို့မရပ်ကွက်ရှိ လက်ရှိအားကစားကွင်းကို အဆင့်မြှင့်တင်ပြုပြင်ပေးပြီး မိုးလုံလေလုံ အားကစားကွင်းအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှဦးမိုင်းအုဏ်းခိုင် က ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့၊ မြို့မရပ်ကွက်ရှိ လက်ရှိအားကစားကွင်းကို အဆင့်မြှင့်တင် ပြုပြင်ပေးပြီး မိုးလုံလေလုံ အားကစားကွင်းအဖြစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမိုင်းအုဏ်းခိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့တိုင်း၊ ရွာတိုင်းမှာ သင့်တင့်လျောက်ပတ်တဲ့ အားကစားကွင်းသာ ရှိကြမယ်ဆိုလို့ရှိရင်အားလပ်ချိန်များမှာ လူငယ်များဟာ ခုနပြောတဲ့ လောင်းကစားခြင်း၊ စုပေါင်းပြီးတော့ အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးနဲ့ ကင်းဝေးပြီးတော့မှ ကျန်းမာသန်စွမ်းတဲ့ အနာဂတ်လူငယ်တွေပေါ်ထွန်းလာမယ်ဆိုတာ ယုံကြည်လို့ ကျွန်တော်ဒီမေးခွန်းကို မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်၊ မြို့မရပ်ကွက် လက်ရှိအားကစားကွင်းဟာ အများပြည်သူပိုင် အားကစားကွင်းတစ်ကွင်းအဖြစ် နှစ်ရှည်လများ အသုံးပြုလျက်ရှိတဲ့ မြေကွက်

ဖြစ်ပါတယ်။ လက်ရှိမှာလည်း မြို့လူထုက ထိန်းသိမ်းစောင့်ရှောက်ထားလျက် ရှိပါတယ်။ အဲဒီကစားကွင်းဟာ ဆိုလို့ရှိရင် အခြေခံပညာအထက်တန်းကျောင်းနဲ့ နီးကပ်လျက်ရှိတဲ့အတွက်ကြောင့် ကျောင်းအားလပ်ချိန်တွေမှာ ကျောင်းဆင်းချိန်တွေမှာ ကျောင်းသူ၊ ကျောင်းသားများဟာ နေ့စဉ် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ရာ အားကစားကွင်း ဖြစ်သလို ရပ်ကွက်၊ ကျေးရွာ အားကစားဝါသနာရှင်များဟာလည်း မိမိတို့ အစီအစဉ်နဲ့ နေ့စဉ်နေ့တိုင်းပဲ အားကစားလေ့ကျင့်ရာ အလွန်အရေးပါတဲ့ ကစားကွင်းအဖြစ်ရှိနေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက်၊ ကျေးရွာအားကစားပြိုင်ပွဲများ၊ ဌာနဆိုင်ရာအလိုက် အားကစားပြိုင်ပွဲများ၊ ကျောင်းအလိုက်၊ အသင်းအလိုက် အားကစားပြိုင်ပွဲများ၊ ရိုးရာပွဲတော်များကျင်းပရာ မြေနေရာတစ်ခုလည်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မန်တုံမြို့နယ်အတွင်းမှာရှိတဲ့ မြို့မိ၊ မြို့ဖများ၊ မြို့ကော်မတီများ၊ အားကစားဝါသနာရှင်များနဲ့ အုပ်ချုပ်ရေးတာဝန်ရှိ ပုဂ္ဂိုလ်များက ပြည်သူ့အားကစား မြှင့်တင်ရေးလုပ်ငန်းအလေးထားဆောင်ရွက်ပေးဖို့ လိုလားတောင့်တ မျှော်လင့်လျက် ရှိပါတယ်။ ဒါကြောင့်မို့လို့ မန်တုံမြို့နယ်၊ မြို့မရပ်ကွက် လက်ရှိအားကစားကွင်းကို အဆင့်မြှင့်တင်ပေးပြီး မိုးလုံလေလုံအားကစားရုံအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်လို့ ကျွန်တော် အခုတင်ပြတဲ့ အားကစားကွင်းဟာ စံကိုက်ညီမှု မရှိခဲ့ဘူးဆိုလို့ရှိရင် ကျွန်တော်တို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နဲ့ မြို့ကော်မတီကနေပြီးတော့မှ (၆)ဧကလောက်ရှိတဲ့ မြေကွက် တစ်ကွက်လည်းရှိထားပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်ရှိ ကြက်ဆူကျင်းတိုက်နယ်ဆေးရုံတွင် အဆောက်အအုံ ဟောင်းနွမ်းပျက်စီးနေခြင်းနှင့် ဝန်ထမ်းအိမ်ရာများ မလုံလောက်ခြင်းတို့အတွက် ကျန်းမာရေးဌာနမှ မည်ကဲ့သို့ ဖြေရှင်းပေးမည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ က မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်ရှိ ကြက်ဆူကျင်းတိုက်နယ်ဆေးရုံတွင် အဆောက်အအုံ ဟောင်းနွမ်းပျက်စီးနေခြင်းနှင့် ဝန်ထမ်းအိမ်ရာများ မလုံလောက်ခြင်းတို့အတွက် ကျန်းမာရေးဌာနမှ မည်ကဲ့သို့ဖြေရှင်းပေးမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ကိုယ်စားလှယ်တော်ကြီးများ၊ ဝန်ကြီးများနဲ့တကွ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီးအမှတ်(၁၀)၊ ရေစကြိုမြို့နယ် ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ငွေ ဖြစ်ပါတယ်။ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုကော်မတီဝင်လည်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီးအတွင်းက ရေစကြိုမြို့နယ်ရှိ ကြက်ဆူကျင်းတိုက်နယ်ဆေးရုံမှာ

အဆောက်အဦ ဥပဓိရုပ်မကောင်းခြင်း၊ ဟောင်းနွမ်းပျက်စီးနေခြင်းနှင့် ဝန်ထမ်းအိမ်ရာများ မလုံလောက်ခြင်းတို့အတွက် ကျန်းမာရေးဌာနက မည်ကဲ့သို့ ဖြေရှင်းပေးမည်ဆိုသည်ကို သိလိုသည့် မေးခွန်းဖြစ်ပါတယ်။ ဒါကလည်း နိုင်ငံတစ်ဝန်းလုံးမှာတည်ရှိကြတဲ့ ယခုလို လူအများ မှီခိုအားထားရပြီး သက်တမ်းရင့်ကြပြီဖြစ်သော အခြားဆေးရုံများအတွက်ပါ ရည်ရွယ်ပြီးမေးခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ် ကြက်ဆူကျင်းတိုက်နယ်ဆေးရုံဟာ ရေစကြိုရဲ့ အနောက်(၁၂)မိုင်အကွာ ရေစကြို-မြိုင်သွား မော်တော်ကားလမ်းဘေးမှာ တည်ရှိပါတယ်။ ယင်းဆေးရုံရဲ့ ပင်မအဆောက်အအုံကို ၁၉၈၀ ပြည့်နှစ်က တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။ အလျား(၉၅)ပေ၊ အနံ(၇၅)ပေနဲ့ အမြင့်(၁၁)ပေရှိသော အုတ်စီနံကပ် အဆောက်အဦလည်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ပြခွင့်ပြုပါခင်ဗျား။ ယင်းကို ဒေသခံ စေတနာရှင်များရဲ့ ငွေကြေးလှူဒါန်းမှုနှင့် ကျေးရွာလူထုရဲ့ လုပ်အားတို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ သက်တမ်းနှစ်(၄၀)နီးပါး (၃၆)နှစ်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်က ဥပဓိရုပ်မကောင်းသဖြင့် နိုင်ငံတော်မှ ပတ်တီးထည့်၊ ဆေးသုတ်စတဲ့ အပေါ်ယံမွမ်းမံ ပြင်ဆင်မှုများ ပြုလုပ်ပေးခဲ့ပါတယ်။ ဒီတိုက်နယ်ဆေးရုံဟာ ခုတင်(၁၆)လုံးဆံ့ဆေးရုံဖြစ်ပြီးတော့ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့က ဖွင့်လှစ်ခွင့် ရခဲ့ပါတယ်။ ဆေးရုံဖွင့်စက တာဝန်ကျခဲ့တဲ့ ဒေါက်တာကေသီအောင် မှ ယနေ့တာဝန်ထမ်းဆောင်နေတဲ့ ဒေါက်တာလင်းထင် အထိ ဆရာဝန်(၁၀)ဦး တာဝန်ထမ်းဆောင်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ သူနာပြု၊ ဆေးစပ်၊ ဓာတ်ခွဲ၊ ဓာတ်မှန်ကျွမ်းကျင်စတဲ့ ဝန်ထမ်းအင်အား(၁၂)ဦးလည်း တာဝန်ထမ်းဆောင်လျက်ရှိကြပါတယ်။ ကျန်းမာရေးမှူး အပါအဝင် ပြည်သူ့ကျန်းမာရေးဌာန လက်အောက်မှာရှိတဲ့ ဝန်ထမ်း(၅)ဦးလည်းပဲ ကြက်ဆူကျင်းတိုက်နယ် ဆရာဝန်ကြီးလက်အောက်မှာ တစ်ရွာတည်းမှာ တာဝန်ထမ်းဆောင်လျက်ရှိကြပါတယ်။

ရေစကြိုမြို့နယ်ရဲ့ အနောက်ပိုင်းမှာရှိတဲ့ ကျေးရွာ(၄၀)ခန့်နှင့် မြိုင်နယ် အရှေ့ဖျားက ကျေးရွာ(၁၀)ကျော်တို့ရဲ့ လူဦးရေခန့်မှန်း (၅၀၀၀၀)ခန့်တို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုမှာ များစွာ အထောက်အကူဖြစ်လျက် ရှိပါတယ်။ ၂၀၁၀ ခုနှစ်ကနေပြီးတော့ ယနေ့အထိ လူနာမှတ်တမ်းများအရ ပြင်ပလူနာ (၃၄၇၂၈)ယောက်နဲ့ အတွင်းလူနာ (၆၉၁၂)ဦးတို့ကို ကုသမှုပေးနိုင်ခဲ့တယ်လို့လည်း သိရပါတယ်။ နေ့စဉ်ပျမ်းမျှလူနာ (၅)ဦးမှ (၂၀)ဦးခန့်ရှိကြောင်းလည်း သိရပါတယ်။ ယခုအခါ အဆိုပါ ဆေးရုံအဆောက်အဦဟာ နံရံများအက်ကွဲပြီး ယိမ်းယိုင်နေခြင်း၊ မျက်နှာကြက်များ ကွာကျနေခြင်းစတဲ့ ပျက်စီးယိုယွင်းမှုများ ရှိနေပြီဖြစ်ရာ သက်တမ်း(၄၀)နှစ်နီးပါးရှိပြီဖြစ်သော အရပ်သားများ ဆောက်ခဲ့သည့် အဆိုပါ ဆေးရုံအဆောက်အဦဟာ ပြန်လည်အသစ်ပြုလုပ်ပေးရန် သင့်နေပြီဖြစ်ပါတယ်။ ဒီဆေးရုံဝန်းပြင်ပမှာ နေထိုင်ကြတဲ့ ကျန်းမာရေးမှူးနဲ့ ဝန်ထမ်း(၅)ဦးတို့မှာလည်း ကျပ်တည်းကျဉ်းမြောင်းသော နေအိမ်လေးမှာ နေထိုင်နေကြရကာ ယင်းတို့အတွက်လည်း ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန် လိုအပ်လျက် ရှိနေပါပြီ။ တိုက်နယ်ဆရာဝန်နဲ့ ဆေးရုံကြီးကြပ်ရေးအဖွဲ့တို့က ယင်းကိစ္စကို မြို့နယ်ဆရာဝန်ကြီးမှတစ်ဆင့် တိုင်းဒေသကြီး ကုသရေးဦးစီးဌာနသို့ ပြီးခဲ့သည့် ၂၀၁၆၊ ဩဂုတ်လအတွင်းကလည်း အမှုတွဲပေးပို့တင်ပြ တောင်းခံထားတယ်လို့လည်း သိရပါတယ်။

ရုပ်ပိုင်းဆိုင်ရာ ခိုင်မာတောင့်တင်းခြင်း၊ လိုအပ်တဲ့ ပစ္စည်းများ ပြည့်စုံခြင်း၊ သက်ဆိုင်ရာ ဝန်ထမ်းပြည့်စုံခြင်းတို့ဟာ သက်ဆိုင်ရာ ဝန်ထမ်းတို့ရဲ့ စိတ်ဓာတ်ကို ပျော်ရွှင်တက်ကြွစေသဖြင့်

လုပ်ငန်းခွင်မှာ ပိုမိုထိရောက်စွာ ထမ်းဆောင်နိုင်မှာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ထောင်စုနှစ်ရည်မှန်းချက်ဖြစ်တဲ့ ကျေးလက်နဲ့မြို့ပြ ကျန်းမာရေးကွာဟချက် ကျဉ်းမြောင်းစေရန်ဟူသော ရည်မှန်းချက်ကိုလည်း အထောက်အကူပေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ဒေသခံပြည်သူများရဲ့ကိုယ်စားမေးလိုတာကတော့ ကြက်ဆူကျင်းတိုက်နယ်ဆေးရုံရဲ့ (၃၆)နှစ်ကျော် ကြာခဲ့ပြီဖြစ်သော အဆောက်အအုံဟောင်းအား ထပ်မံပြင်ဆင်မှုများ လုပ်မနေတော့ဘဲနဲ့ အသစ်ပြန်လည်တည်ဆောက်ခြင်းနှင့် ထိုရွာမှာ တာဝန်ကျနေတဲ့ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဝန်ကြီးသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

ကြက်ဆူကျင်း တိုက်နယ်ဆေးရုံအား ရှေ့ယာဘက်ထောင့်မှ မြင်ကွင်းပုံ (ထ)



ကြက်ဆူကျင်း တိုက်နယ်ဆေးရုံ အတွင်းပိုင်းနံရံများ၊ တံခါးကျည်းဘောင်များ ထွင်းအက်နေမှုမြင်ကွင်းပုံ (ထ-၁)




ကြက်ဆူကျင်း တိုက်နယ်ဆေးရုံ သွားရောက်ကြည့်ရှုခဲ့စဉ် မြင်ကွင်းပုံ (ထ-၂)




**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ပတ်သက်ပြီးကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၄။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ တောပုကျေးလက်ကျန်းမာရေးဌာနအပိုင် ကြက်တက်ညောင်ပင်ကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ အုတ်တွင်းမြို့နယ်သည် လူဦးရေ (၁၅၀၀၀၀)ခန့် နေထိုင်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့် (၂၅) ခုတင်ဆံ့ ဆေးရုံ(၁)ရုံ၊ တိုက်နယ်ဆေးရုံ(၄)ရုံ၊ စုစုပေါင်း ဆေးရုံ(၅)ရုံအပြင် မိခင်နှင့် ကလေးကျန်းမာရေးဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၅)ခု၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) (၂၃)ခု ဖွင့်လှစ်ထားပြီး ကျန်းမာရေးမှူး(၇)ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ(၆)ဦး၊ ကြီးကြပ်ရေးမှူး (၁)ဦး၊ သားဖွားဆရာမ (၃၅)ဦး၊ ကျန်းမာရေးကြီးကြပ်-၂(၁၁)ဦးဖြင့် ကုသမှုလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီဆေးရုံ ခုတင်အဆင့်တိုးသည်ဖြစ်စေ၊ ကျေးလက်ကျန်းမာရေးဌာနမှ Station Hospital တိုက်နယ်ဆေးရုံလုပ်မယ်ဆိုရင် အနီးအနားမှာရှိတဲ့ ဆေးရုံများ အခြေအနေကိုလည်း ကြည့်ရပါတယ်။ တိုက်နယ်ဆေးရုံ(၁)ရုံ ဆောက်မယ်ဆိုလို့ရှိရင် အနီးအနားမှာ (၁၀)မိုင်နဲ့အတွင်းမှာ အခြားတိုက်နယ်ဆေးရုံလည်းမရှိရပါဘူး။ ဒီတိုက်နယ်ဆေးရုံ ဆောက်မယ်ဆိုလို့ရှိရင် ဒီတိုက်နယ်ဆေးရုံကို လာတက်တဲ့လူများသည် မြို့နယ်

ဆေးရုံကို မသွားလာနိုင်တဲ့ လူများဖြစ်တဲ့နေရာကိုလည်း ကျွန်တော်တို့ လုပ်ရပါတယ်။ တိုက်နယ်ဆေးရုံ (၁)ရုံဆောက်မယ်ဆိုရင် ကျွန်တော်တို့ သန်း (၆၀၀)ကုန်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ အုတ်တွင်းမြို့နယ်၊ ကြက်တက်ညောင်ပင်မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း ကျေးရွာပေါင်း (၁၅)ရွာ၊ အိမ်ခြေ(၅၀၀၀)နဲ့ လူဦးရေ (၂၉၀၀၀) ရှိပါတယ်။ သို့သော် ဒီ ကြက်တက်ညောင်ပင်ကျေးရွာရဲ့ ကျွန်တော်တို့ Geographical Location အခြေအနေကို ကြည့်တဲ့အခါမှာတော့ ဒီအမြန်လမ်းမကြီးနဲ့ မိုင်တိုင်အမှတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ (၁၄၃/၄) အနီးတွင်ရှိတဲ့အပြင် အုတ်တွင်းမြို့နယ်ဆေးရုံနဲ့ (၇)မိုင်ပဲဝေးပါတယ်။ တောင်ငူမြို့မှာရှိတဲ့ ခုတင်(၂၀၀)ရှိတဲ့ အထူးကုဆေးရုံကြီးနဲ့လည်း (၉)မိုင်ပဲဝေးပါတယ်။ တောပုကျေးလက်ကျန်းမာရေးဌာနနဲ့လည်း (၃)မိုင်ကျော်ကျော်ဝေးပါတယ်။ ဗောဓိကုန်းကျေးလက်ကျန်းမာရေးဌာနနဲ့လည်း (၅)မိုင်ဝေးပါတယ်။ ဆိုလိုတာက အနီးအနားမှာ ကျန်းမာရေးစောင့်ရှောက်တဲ့ ဆေးရုံတွေ၊ ဆေးပေးခန်းတွေ ရှိတယ်ဆိုတာကို တွေ့ပါတယ်။ ဒီတောပုကျေးလက်ကျန်းမာရေးဌာနမှာလည်း ဌာနခွဲ(၄)ခုရှိပါတယ်။ ဗောဓိကုန်းကျေးလက်ကျန်းမာရေးဌာနမှာလည်း ဌာနခွဲ(၆)ခုထပ်ရှိပြီးတော့ ကျွန်တော်တို့ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။

သို့ဖြစ်၍ ဒီ အုတ်တွင်းမြို့နယ်ကို ကျွန်တော်တို့ ကြည့်လိုက်တဲ့အခါမှာလည်း အနီးဆုံးဖြစ်တဲ့ အုတ်တွင်းမြို့နယ်ဆေးရုံပေါ့။ (၇)မိုင်ဝေးတဲ့ အုတ်တွင်းမြို့နယ်မှာလည်း ဆရာဝန်(၅)ယောက်ရှိရမယ့်နေရာမှာ (၄)ယောက်ရှိပါတယ်။ သွားဆရာဝန် (၁)ဦးရှိရမယ့်နေရာမှာ (၁)ဦး ရှိပါတယ်။ သူနာပြုအနေနဲ့လည်း (၁၅)ယောက်နေရာမှာ (၉)ယောက်ရှိတဲ့အပြင် ဒီ အုတ်တွင်းမြို့နယ်ဆေးရုံ ကြည့်တဲ့အခါမှာ သူ့ရဲ့ခုတင်အသုံးပြုမှုနှုန်း၊ လူနာများလည်း အခြေအနေကောင်းတဲ့အတွက် ဆိုလိုတာက ဒီဆေးရုံမှာ ကုသတဲ့ဆရာဝန်များကလည်း တော်ကြောင်းလို့ တစ်နည်းအားဖြင့် ကျွန်တော်တို့ ပြောလို့ရပါတယ်။ ဆိုလိုတာက ကျွန်တော့်အနေနဲ့ ဆေးရုံ(၁)ရုံ Station Hospitalတိုက်နယ်ဆေးရုံ(၁)ရုံဖွင့်မယ့်အစား သူနဲ့ အနီးဆုံးဖြစ်တဲ့ လောလောဆယ်မှာပေါ့လေ။ ဒီဆေးရုံကို ကျွန်တော်တို့ လိုအပ်တဲ့ ပစ္စည်း၊ ဆေးပစ္စည်း၊ Equipment၊ ဒီ Lab သုံးတဲ့ပစ္စည်းတွေကို ကျွန်တော်တို့ဖြန့်ပေးဖို့ ကျွန်တော်တို့က အစီအစဉ် အရင်လုပ်ထားပါတယ်။ နောက်မှ လိုအပ်မှသာလျှင် ကျွန်တော်တို့ ဒါကိုဆက်လက်ပြီး စဉ်းစားမယ်ဖြစ်ကြောင်း လေးစားစွာ ကျွန်တော်တင်ပြအပ်ပါတယ်ခင်ဗျား။ နောက် ဒီလို တောင်ငူမြို့ဆေးရုံမှာလည်း အထူးကုများနဲ့ ဝန်ထမ်း(၂၀၀)ကျော်(၃၀၀)လောက်နဲ့ ကျွန်တော်တို့ ရှိတဲ့အတွက် တောင်ငူဆေးရုံကို သွားမယ်ဆိုလို့ရှိရင်လည်း (၉)မိုင်ပဲဝေးတဲ့အတွက် လောလောဆယ်တော့ မပေးသေးပါဘူးခင်ဗျား။ လိုအပ်လို့ရှိရင်တော့ ကျွန်တော်တို့ စဉ်းစားပေးပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ခုတင်(၂၀၀)ဆံ့ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသော အထူးကုဆရာဝန်များ၊ ဆေးရုံသုံး ပစ္စည်းများကို နိုင်ငံတော်အစိုးရ အနေဖြင့် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရန် သိလိုခြင်းကိစ္စနဲ့ပတ်သက်၍ ကျွန်တော့်အနေနဲ့ ပထမဆုံးအနေနဲ့ အထူးကုဆရာဝန်များအနေနဲ့ ဒီဆေးရုံလစ်လပ်တဲ့အခါမှာ အထူးကုဘာသာရပ် (၁၀)ခုရှိပါတယ်။ ဆေးပညာ၊ ခွဲစိတ်၊ သားဖွား၊ မီးယပ်၊ အရိုး၊ မျက်စိ၊ ဓာတ်မှန်၊ ဦးနှောက်အာရုံကြော၊

မေ့ဆေးအားလုံးရှိပါတယ်။ မရှိတာက ဥပဒေရေးရာဆေးပညာပါ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတာ အမျိုးသားဥပဒေရေးရာဆေးပညာမှာ လက်ထောက်ဆရာဝန် ကျွန်တော်တို့က မရှိပါဘူး။ တစ်နိုင်ငံလုံးအတိုင်းအတာ အနေနဲ့တော့ ကျွန်တော်တို့ (၇၄)ဦးပဲ ရှိပါတယ်။ ဘာကြောင့် ဒီလိုနည်းရသလဲဆိုတော့ ဒီဘာသာရပ်ကို စိတ်ဝင်စားတဲ့ ဆရာဝန်နည်းတဲ့အတွက် ဒီဘာသာရပ်မှာရှိတဲ့ M.Sc(Forensic Medicine) ပေါ့။ ဥပဒေရေးရာဆေးပညာကို တတ်တဲ့ဆရာဝန်တွေ နည်းနေပါတယ်။

သို့သော်လည်း ကျွန်တော်တို့အနေနဲ့က ဒီကိစ္စကို ဆောင်ရွက်ဖို့အတွက်ကို ကျွန်တော်တို့က ဘယ်လိုလုပ်လိုက်ပါသလဲဆိုတော့ ဒီ ပါမောက္ခပေါ့၊ ဥပဒေရေးရာဆေးပညာ ရှားပါးမှုကိုဖြေရှင်းရန် အတွက် ၂၀၁၅ ခုနှစ်မှာ ဥပဒေရေးရာ ဆေးပညာဌာန ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ ဦးဆောင်၍ ဥပဒေရေးရာဆေးပညာ ဉာဏ်သစ်လောင်းသင်တန်းကို တစ်ပြည်လုံးမှာရှိတဲ့ လက်ထောက်ဆရာဝန်တွေကို ကျွန်တော်တို့ ခုတင်(၁၀၀)ဆံ့ဆေးရုံ အောက်ခြေအထိဆင်းပြီးတော့ ကျွန်တော်တို့ သင်တန်းလည်းပေးပြီးပါပြီ။ လောလောဆယ်တော့ ဒီဆရာဝန်နဲ့ပဲ ကျွန်တော်တို့ ကျေနပ်စေချင်ပါတယ်။ ကျွန်တော်တို့ နောက်ထွက်လာတဲ့ ၂၀၁၇ မှာထွက်လာမယ့် ဥပဒေရေးရာနည်းပါတယ်။ ၂၀၁၈-၂၀၁၉ မှာ ဆိုလို့ရှိရင်တော့ စစ်ကိုင်းကိုလည်း ကျွန်တော်တို့ ဦးစားပေးပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ စစ်ကိုင်းတိုင်းဆေးရုံကြီးကလည်း အလွန်အရေးကြီးတယ်။ ဒီမှုခင်းကိစ္စတွေ များမယ်။ ရဲအမှုတွေများတဲ့အတွက် ကျွန်တော်တို့ အများဆုံးလုပ်မယ်။ ထို့အပြင် လောလောဆယ်မှာ ဆိုလို့ရှိရင် အဲဒီမှာ တာဝန်ကျပြီးတော့ သင်တန်းပေးတဲ့ ဥပဒေရေးရာဆေးပညာ လက်ထောက်ဆရာဝန်လည်း ကျွန်တော်တို့ ထပ်မံပြီးတော့ မွမ်းမံသင်တန်းကိုပေးဖို့ ပေးပါမယ်။ တကယ်လိုလို့ရှိရင် သူ့ကိုရန်ကုန်ဆေးရုံကြီးမှာဖြစ်ဖြစ်၊ မန္တလေးဆေးရုံကြီးမှာဖြစ်ဖြစ် ခဏ(၁)လလောက် Attachလုပ်ပြီးတော့ ကျွန်တော်တို့ သေချာထပ်ပြီးတော့ သူ့ကိုပညာရပ်အားဖြင့် မွမ်းမံသင်တန်းလုပ်ပေးပါမယ်။

ဒုတိယအချက်အနေနဲ့ လစ်လပ်လျက်ရှိသော အထူးကုရောဂါဗေဒ ဆရာဝန်နဲ့ ပတ်သက်လို့တော့ မြန်မာနိုင်ငံတစ်နိုင်ငံလုံး အတိုင်းအတာ အနေနဲ့ ကျွန်တော်တို့ (၂၂၆)ဦးပဲရှိပါတယ်။ ရောဂါဗေဒမှာ ရောဂါဗေဒ အထူးကုဆရာဝန်ကြီးအများစုကတော့ ကျွန်တော်တို့ ဆေးတက္ကသိုလ်များမှာ သင်ကြားရေးဆရာဝန်အနေနဲ့ ရှိနေတဲ့အတွက် ဒီအဆိုပါ ရောဂါဗေဒ ဆရာဝန်များဟာ လုပ်ငန်းလိုအပ်ချက်အရ ကျွန်တော်တို့အနေနဲ့ အခုစတင်ပြီးတော့ ဒီ ဆေးကျောင်းတွေမှာလုပ်တဲ့ ဆရာဝန်တွေ ကျွန်တော်တို့ ပြန်ထုတ်ပါမယ်။ ဒီဆေးရုံကြီးမှာ လိုအပ်တယ်။ ဘာကြောင့် ဒီလိုလုပ်ရသလဲဆိုတော့ ကျွန်တော်တို့ ဆေးရုံတွေမှာ (Infection Control) ရောဂါလူနာတစ်ယောက်နဲ့တစ်ယောက် မကူးစက်အောင်၊ ဆေးရုံကြောင့် လူနာရောဂါထပ်ပြီး (Nosocomial Infection)တွေ မရအောင် ကျွန်တော်တို့လုပ်ပါမယ်။ အဲဒီတော့ အမြန်ဆုံးကျွန်တော်တို့ ထုတ်ပြီးတော့ စဉ်းစားလည်းပေးပါမယ်။ စစ်ကိုင်းဆေးရုံကြီးဟာ တော်တော်လည်းကြီးတဲ့အတွက် ကျွန်တော်တို့ ဒါကိုလုပ်ပေးပါမယ်။

နောက်တစ်ချက်က လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်ကြီး နား၊ နှာခေါင်း၊ လည်ချောင်းနဲ့ပတ်သက်၍ ၂၀၁၆ ဒီလပါ။ ဒီဇင်ဘာလမှာ ကျွန်တော်တို့ အသစ်ထွက်လာမယ့် ဆရာဝန်တွေ ရှိပါတယ်။ အဲဒီ (၃)နှစ်သင်တန်းပြီးပြီးထွက်လာတဲ့ ဆရာဝန်ထဲက တစ်ယောက်ကို ကျွန်တော်တို့ တာဝန်ချထားပေးပါမယ်။ နောက် လစ်လပ်လျက်ရှိသော သွားနှင့်ခံတွင်း အထူးကု ဆရာဝန်ကြီးကတော့ ကျွန်တော်တို့ ရာထူးအသစ်တိုးပေးချိန်မှာ ကျွန်တော်တို့ပေးပါမယ်။ လောလော

ဆယ်မှာတော့ သွားနှင့်ခံတွင်း ဆရာဝန်တစ်ယောက် ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဆက်ပြီးပေးပါမယ်။ နောက်လစ်လပ်လျက်ရှိသော အထူးကုဆရာဝန် ဆေးပညာကတော့ ရှိပါတယ်။ (၂)ယောက်ရှိပါတယ်။ သို့သော် လိုအပ်လို့ရှိရင်တော့ ကျွန်တော်တို့ ဒီတစ်ယောက်ကိုလည်းထပ်ပေးဖို့ စဉ်းစားပါမယ်။ ဆေးပညာအနေနဲ့တော့ သိပ်ပြီးပြဿနာမရှိပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့အနေနဲ့ တော်တော်လည်း များများရှိတဲ့အတွက် ကျွန်တော်တို့ ဒါဦးစားပေးစဉ်းစားမယ်။ ဆိုလိုတာကတော့ ဒီ ၂၀၁၆ ဒီဇင်ဘာမှာထွက်လာမယ့် လုပ်သက်ရလက်ထောက်ဆရာဝန်ဆေးပညာကို ကျွန်တော်တို့ ခန့်အပ်ပေးမယ်ဖြစ်ပါတယ်။ ဒီလစ်လပ်လျက်ရှိတဲ့ အထူးကုအရိုးဆရာဝန်ခန့်အပ်ပေးရေးကိစ္စနှင့် ပတ်သက်၍ လက်ရှိတွင် အရိုးကုဆရာဝန်ကြီးတစ်ဦးအား ခန့်ထားပေးပြီးဖြစ်ပါတယ်။ ၂၀၁၇ခုနှစ်၊ ဧပြီလမှာဆိုလို့ရှိရင် ထွက်ပေါ်လာမယ့် အရိုးကုဆရာဝန်ထဲက တစ်ဦးကို ကျွန်တော်တို့ခန့်ထားပေးပါမယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့တော့ ဆေးရုံများတွင် လိုအပ်သော ဆေးရုံသုံးပစ္စည်း ဆေးရုံအဆင့်အလိုက် လုပ်ငန်းလိုအပ်ချက်နှင့်အညီ စိစစ်ပြီး ဦးစားပေးအစီအစဉ်အတိုင်း ကျွန်တော်တို့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ဆေးရုံသုံးပစ္စည်းလိုအပ်ပါက သတ်မှတ်ပုံစံတွင် ဖြည့်စွက်လျက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးကတစ်ဆင့် တိုင်း သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူးက တစ်ဆင့် တင်ပြရပါတယ်။ အဲဒီတော့ ဒီကိစ္စမှာ ကျွန်တော်တင်ပြလိုတာကတော့ ဒီဆေးရုံမှာ ဆေးပစ္စည်း ရှိမှု၊ မရှိမှု၊ ဆေးပစ္စည်းကိရိယာ ရှိမှု၊ မရှိမှုသည် အဓိကတာဝန်ရှိသူမှာ ဆေးရုံအုပ်ကြီးများသာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဆေးရုံပေါင်း (၁၀၀၀)ကျော်ရှိတဲ့အတွက် ကျွန်တော်တို့ ဗဟိုကနေပြီးတော့ အကုန်လုံးကိုတော့ကြည့်တာပဲ။ သို့သော် အကုန်လုံးကို အချိန်နှင့်တစ်ပြေးညီသိရှိဖို့ဆိုတာ တော်တော်ခက်ပါတယ်။ အဓိကတာဝန်ရှိသူသည် ဆေးရုံအုပ်ကြီး ဖြစ်ပါတယ်။ ဆေးရုံအုပ်ကြီးက မိမိ၏ဆေးရုံလိုအပ်ချက်များကို စာရင်းဇယားပြုစုပြီး ဗဟိုပို့မှသာလျှင် ကျွန်တော်တို့ ဗဟိုမှစဉ်းစားမယ်။ ဒီနှစ်မှာ မရှိလို့ရှိရင် နောက်နှစ်မှာဝယ်ဖို့အတွက်ကို ကျွန်တော်တို့ စာရင်းထဲမှာ ထည့်ပါတယ်။ အဲဒီတော့အဓိကသည် ဆေးရုံအုပ်ကြီးလည်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ကျွန်တော် တင်ပြချင်ပါတယ်။ အဲဒီတော့ ဆေးရုံအုပ်ကြီးမှာ အဓိကဖြစ်ပါတယ်။ ဒီ စစ်ကိုင်းပြည်သူ့ဆေးရုံကြီးမှ လိုအပ်ချက်ရှိ၍ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း တင်ပြတောင်းခံလာသော (Ultrasound Machine, ECG Machine, General Anaesthesia Machine, Patient Monitor) စတဲ့ ဆေးရုံပစ္စည်း(၂၉)မျိုးကို ကျွန်တော်တို့ ပေးလိုက်ပြီးပါပြီ။

သို့သော် အခု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ (CT Scan)၊ Mobile X-ray Unit, RenalDialysis, Endoscope, Oxygen plant တို့ကိုလည်း ကျွန်တော် စဉ်းစားပေးပါမယ်။ အခု ဒါကတော့ ကျွန်တော် အမြန်ဆုံးစဉ်းစားပေးပါမယ်။ အလွန်လည်း အရေးကြီးပါတယ်။ အဲဒီတော့ ကျွန်တော် ဒါတွေကို စဉ်းစားပြီး ဆောင်ရွက်ပေးပါမယ်။ အဲဒီတော့ တစ်ခု ကျွန်တော် ဒီနေရာမှာလည်း ပြောချင်တာကတော့ ကျွန်တော်တို့မှာ အများကြီး Question တွေ အမေးခံရတော့ အဓိကကတော့ ဆေးရုံအုပ်ကြီးပါပဲ။ ဆေးရုံအုပ်ကြီးအနေနဲ့ သူ့မှာ Admin အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ၊ Logistics ပိုင်းဆိုင်ရာကို သူ့အနေနဲ့ အမြဲသုံးသပ်နေပြီး ကျွန်တော်တို့ဗဟိုကို တင်ပြလို့ရှိရင် ကျွန်တော်တို့ ဗဟိုကလုံးဝပံ့ပိုးမယ်။ ဒါ ကျွန်တော်တို့ ဗဟိုရဲ့

တာဝန်ဖြစ်ပါတယ်။ အဓိကကတော့ ဆေးရုံအုပ်ကြီးများက ကျွန်တော်တို့ကို အကြောင်းကြားဖို့ လိုပါတယ်။ ကျွန်တော့်အနေနဲ့ လေးစားစွာပဲ ဒီအဖြေကို ဒီလောက်ပဲ ဖြေပါမယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ၏ ကြယ်ပွင့်ပြ မေးခွန်းဖြစ်တဲ့ မိုးရာသီ လှိုင်းလေထန်သောကာလတွင် သွားလာရန်ခက်ခဲသည့် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကုလားကုတ်ကျေးရွာ၌ (၁၆)ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံတစ်ရုံ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်၍ မွန်ပြည်နယ်၊ ရေးမြို့နယ်မှာ လူဦးရေ(၁၅၀,၀၀၀) ကျော် နေထိုင်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအနေနှင့် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ(၁)ရုံ၊ တိုက်နယ်ဆေးရုံ(၄)ရုံ၊ စုစုပေါင်း(၅)ရုံ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန(၂)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၈)ခု၊ ဌာနခွဲ(၃၇)ခုဖြင့် ကျွန်တော်တို့ ဝန်ထမ်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ပေးလျက်ရှိပါတယ်။

ကျွန်တော်တို့အနေနဲ့ ဒီ ကုလားကုတ်ကျေးလက်ကျန်းမာရေးဌာနခွဲသည် ရေးမြို့နယ်၊ နှစ်ကရင်ကျေးလက်ကျန်းမာရေးဌာနအောက်တွင်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲ (၁)ခု ဖြစ်ပါတယ်။ လမိုင်းတိုက်နယ်ဆေးရုံနှင့်လည်း ရေမိုင်(၁၀)မိုင် သွားမယ်ဆိုရင် (၁)နာရီ၊ (၁)နာရီခွဲ ကြာကြောင်းလည်း ကျွန်တော်တို့ သိရှိပါတယ်။ သို့သော်လည်း ဒီမှာ တိုက်နယ်ဆေးရုံ(၁)ရုံ ဆောက်မယ်ဆိုလို့ရှိရင် သူ့မှာ လူဦးရေက (၅၀၀၀)ပဲ ရှိပါတယ်။ အိမ်ခြေက(၁၀၈၈)ဦးရှိပါတယ်။ ရွာ (၄)ရွာ ရှိတယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ကတော့ တိုက်နယ်ဆေးရုံ(၁)ရုံ ဆောက်မယ်ဆိုရင် သူ့မှာ အနည်းဆုံး မြေဧက(၄)ဧကရှိရမယ်။ (၁၀)မိုင်အတွင်းမှာ အခြားဆေးရုံ(၁)ရုံ မရှိရဘူး။ သို့သော်လည်း ဒါဟာကျွန်းတော့ ဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဒါကို ဘယ်လိုလုပ်မလဲလို့ ကျွန်တော်တို့ စဉ်းစားပါတယ်။ စဉ်းစားပြီး ကျွန်တော်တို့ တိုင်းဦးစီးမှူးကိုလည်း ကျွန်တော်မေးပါတယ်။ တိုင်းဦးစီးမှူးက ပြောတာကတော့ ဒီ အဆိုပါ ကုလားကုတ်ကျေးရွာသည် အကျိုးပြုမည့်လူဦးရေ၊ ဧရိယာနည်းပါးခြင်း၊ မွန်ပြည်နယ်တွင် အလားတူကျွန်းများ အများအပြားရှိခြင်းကြောင့် ကုလားကုတ်ကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံထားရှိပါက အခြားကျွန်းများကိုလည်း တိုက်နယ်ဆေးရုံ တောင်းခံလာနိုင်သဖြင့် ကုလားကုတ် ကျေးလက်ကျန်းမာရေး ဌာနခွဲကို တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် မသင့်တော်သေးကြောင်း ပြောကြားပါတယ်။

သို့သော်လည်း ကျွန်တော်တို့က ဒီမှာ ပြန်ကြည့်တဲ့အခါမှာတော့ဒီမှာလည်း သူတို့လည်း လူတွေ နေတယ် ဖြစ်တဲ့အတွက် ကျွန်တော်တို့မှာ ကြည့်ရမယ့်တာဝန်ရှိပါတယ်။ အဲဒါကြောင့် ဒီမှာ သူ့မှာ ကြီးကြပ်ရေးမှူး၊ ကြီးကြပ်(၂) မရှိပါဘူး။ သားဖွားဆရာမ ရှိပါတယ်။ ကြီးကြပ်(၂)ကိုတော့ ကျွန်တော်တို့ (၃၀၀၀)ခန့်ထားဖို့ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြထားပြီး ဖြစ်တဲ့အတွက် ခွင့်ပြုချက်ရတာနဲ့တစ်ပြိုင်တည်း ကျွန်တော်တို့ ကြီးကြပ်(၂) ချက်ချင်းခန့်မယ်။ ခန့်တဲ့အပြင် ကျွန်တော်တို့က ဒါ ကျွန်းဖြစ်နေတဲ့အတွက် သူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက်ကို ကျွန်တော်တို့ ဘယ်လိုစီစဉ်မလဲဆိုတော့ အနီးအနားမှာ ကျွန်တော်တို့ ကျေးလက်ကျန်းမာရေးဌာန(၁)ခု ရှိပါတယ်။ သူ့မှာရှိတဲ့ ကျန်းမာရေးမှူးကို တစ်ပတ်လျှင် (၁)ကြိမ် လိုအပ်တဲ့ဆေးဝါးများကိုလည်း ယူဆောင်ပြီးတော့ သွားရောက်ဖို့ ကျွန်တော်တို့ စီစဉ်ပါမယ်။ ထို့အပြင် ကျွန်တော်တို့က ဒီ

မွန်ပြည်နယ်မှာ ဒီလို ကျွန်းတွေ အများကြီးဖြစ်တဲ့အတွက် ဒီ ကုလားကုတ်ကျွန်း တစ်ခုတင်မဟုတ်ဘူး။ အခြားကျွန်းတွေကိုလည်း ဘယ်လိုလုပ်မလဲ စဥ်းစားတဲ့အခါမှာ ကျွန်တော်တို့က Mobile Clinic ပေါ့။ လှေနဲ့သွားလို့ရတဲ့နေရာမှာ လှေ၊ စက်လှေဆိုတာ မော်တော်ဘုတ်ပေါ့။ အဲဒီဟာကို ကျွန်တော်တို့ စီစဥ်ဖို့ရှိပါတယ်။ မဟုတ်လို့ရှိရင် ဒီလို ကွက်ကျား၊ ကွက်ကျား ဖြစ်နေတဲ့လူတွေရဲ့ ကျန်းမာရေး စောင့်ရှောက်မှုကို ကျွန်တော် မပေးနိုင်ဘူးဆိုရင် ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့လုပ်ငန်း လည်း မအောင်မြင်ပါဘူး။

အဲဒီတော့ ဒီ Mobile Clinic ကို လုပ်ဖို့ ကျွန်တော်တို့တစ်ပြည်လုံးအတိုင်းအတာနဲ့ ဘယ်လို Step Wise, Phase Wise လုပ်ဖို့ဆိုတာ ကျွန်တော်တို့စီစဥ်နေပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကိုဒီလောက်ပဲ ဖြေပါမယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စား လှယ်များခင်ဗျား။ ဒီမေးခွန်းကတော့ အလွန်လည်း အရေးကြီးပါတယ်။ နည်းနည်းလည်း Complicated ဖြစ်တဲ့အတွက် ကျွန်တော် အချိန်လေး နည်းနည်းလေး ပိုယူပါမယ်။ ဒီမေးခွန်းကို ကျွန်တော်တို့အနေနဲ့ ဒီမေးခွန်းကို ဖြေတဲ့အခါမှာ မဖြေခင် ကျွန်တော့်ရဲ့ ညွှန်ကြားရေးမှူးချုပ်နဲ့လည်း တိုင်ပင်ပါတယ်။ တိုင်းရင်းဆေးဆရာကြီးများနဲ့လည်း တိုင်ပင်ပါတယ်။ ဒုချုပ်ဖြစ်တဲ့ တိုင်းရင်းဆေး ဆရာများအားလုံး တိုင်ပင်ပြီးတော့ ကျွန်တော် ဒီမေးခွန်းကိုဖြေမယ်။ ဖြေခြင်းဖြစ်မှာပါ။ မေးခွန်းအနေနဲ့ အဓိကကတော့ တရုတ်အပ်စိုက်ဗေဒဘာသာရပ်(Acupuncture)နှင့် အာယုဗ္ဗေဒဘာသာရပ်တို့ကို မြန်မာ့ဆေးပညာနှင့် မသက်ဆိုင်သည့် Specialization အဖြစ်မသတ်မှတ်ဘဲ ကုခန်းကဏ္ဍ ဆက်လက် အသုံးပြုရန် အစီအစဥ် ရှိ/မရှိနှင့် ပတ်သက်တဲ့မေးခွန်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီမှာ တစ်ခုတင်ပြချင်တာကတော့ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေအခန်း (၁)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(က) တွင် မြန်မာ့တိုင်းရင်းဆေးပညာဆိုသည်မှာ ဒေသနာနယ၊ ဝိဇ္ဇာရေနယ၊ ဘေသဇ္ဇနယ နဲ့နက္ခတ္တဗေဒ နယဟူ၍ နယကြီး(၄)ပါးအနက်တစ်ပါးပါးနှင့်အကျုံးဝင်သော အသက်ရှည်ရာ၊ အနာမဲ့ကြောင်း ဆေးပညာရပ်ကို ဆိုလိုသည်လို့ အဓိပ္ပာယ် ဖွင့်ထားတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့တင်ပြချင် တာကတော့ ဒေသနာနယအနေနဲ့ကတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာရဲ့အဘိဓမ္မာကို အခြေခံပြီးလုပ်တဲ့ ဆေးကုတဲ့ဘာသာ ဖြစ်ပါတယ်။ ဘေသဇ္ဇနယ ကတော့ ကျွန်တော်တို့ အာယုဗ္ဗေဒအမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးပြောတဲ့ အာယုဗ္ဗေဒဆေးပညာကို အခြေခံတဲ့ဆေးပညာဖြစ်ပါတယ်။ ဒီ အာယုဗ္ဗေဒဟာ ခန္ဓာကိုယ် အဖွဲ့အစည်းမှာအကုန်ပါတဲ့ ဒီ လေ၊ သည်းခြေ၊ သလိပ်၊ သွေး၊ ကြွက်သား၊ အဆီ၊ အရိုး၊ အကုန် ချွေး၊ ဆံပင်ကအစ လက်သည်း၊ ခြေသည်းကိုကြည့်ပြီးမှ ကုသတဲ့ဘာသာရပ် ဒီ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒါ ဘေသဇ္ဇနယ အောက်မှာ ပါ ပါတယ်၊ အာယုဗ္ဗေဒက။

နက္ခတ္တဗေဒနယ ကတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့ အတိုင်း ကုန်းဘောင်ခေတ် အစဦးပိုင်းမှာပေါ်ပြီး ဒီ အိန္ဒိယနိုင်ငံက ဆင်းသက်လာသော အာယုဗ္ဗေဒ ပေါ်မှာမူမတည်ဘဲနဲ့ ကျွန်တော်တို့ ဒီ စကြဝဠာရှိဂြိုဟ်၊ နက္ခတ်တည်နေပုံမှာလုပ်တဲ့ ဆေးပညာ ဘာသာရပ်ကြီး ဖြစ်ပါတယ်။ စတုတ္ထဖြစ်တဲ့ ဝိဇ္ဇာရေနယကတော့ ဓာတ်ဆေးများကို အသုံးပြုခြင်း၊ စိတ်ဝိညာဥ်ဆိုင်ရာ ကုသခြင်း၊ လူနာကို ဆရာ၏စိတ်စွမ်းအင်၊ သမာဓိစွမ်းအင်ဖြင့် ကုသခြင်းတို့ပါတဲ့ ဒီ(၄)ခု ဖြစ်တယ် ဆိုတာကို ကျွန်တော်တို့တွေ့ရပါတယ်။ ဆိုလိုတာကတော့ ဒီထဲမှာတော့ ကျွန်တော်တို့

ကြည့်တဲ့အခါမှာ ဒီ အပ်စိုက်ဆိုတာကတော့ မတွေ့ပါဘူး။ သို့သော်လည်း ကျွန်တော့်အနေနဲ့ ဒီ တရုတ်အပ်စိုက်ပညာနဲ့ ပတ်သက်၍ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံတိုင်းရင်း ဆေးဆရာအသင်း လက်ရှိ ဥက္ကဋ္ဌကို ကျွန်တော်တို့ တိုင်ပင်ပါတယ်။ ၎င်းအနေနဲ့ ပြောကြားတာကတော့ မြန်မာ့တိုင်းရင်းဆေးပညာရပ်တွင် တရုတ်အပ်စိုက်ဗေဒ(Acupuncture) မပါရှိပါ။ မြန်မာ့ဓာတ်အပ်စိုက်ပညာအနေနဲ့တော့ရှိခဲ့ပါကြောင်း၊ ၎င်းပညာရပ်နဲ့ ပတ်သက်၍ သိမ်ဖြူမြန်မာ့အကြောပြင်၊ အတတ်ပညာကျမ်းစာအုပ်တွေနဲ့ ရေးသားဖော်ပြထားပြီး သာလွန်မင်းလက်ထက်တွင် ဗားမဲ့ကျမ်းစာအုပ်တွင် ပါရှိပါကြောင်းနှင့် မိမိကိုယ်တိုင်လည်း ကျမ်းပြုစုလျက်ရှိတဲ့အကြောင်းလည်း ပြောကြားပါတယ်။

ထို့အပြင် ဒီ ဓာတ်အပ်စိုက်ဆိုတာ ကျွန်တော်တို့ တရုတ်နဲ့မတူပါဘူး။ တရုတ်က စတီးသို့မဟုတ် သံတို့ သုံးပြီး အပ်နဲ့ထိုးပါတယ်။ ကျွန်တော်တို့ ဒီ ဓာတ်အပ်စိုက်က ဓာတ်အပ်ကို သုံးပြီးတော့ ကြွက်သားထဲကို ထိုးသွင်းခြင်း၊ စိုက်ခြင်းလုပ်ကြောင်း၊ ခေါင်းကိုက်၊ ပါးရွဲ့၊ လေဖြတ် ဒါတွေကိုသုံးပါတယ်။ ဒီ Acupuncture မှာသုံးတဲ့ ဓာတ်အပ်စိုက်နဲ့ ကျွန်တော်တို့ မတူတာက ဓာတ်အပ်စိုက်သည် သူက ဖိုထိုးပြီးတော့ ရတာ။ သူက ပြဒါးတို့၊ ကန့်တို့ ပါပြီးတော့ ဒီ ပြဒါးကို အန္တရာယ်မရှိအောင် လုပ်ပြီးသုံးတဲ့ဟာမျိုးဖြစ်တဲ့အတွက် တရုတ်ဟာနဲ့တော့မတူဘူးဆိုတာကို ကျွန်တော်တို့ကို ပြောပါတယ်။

နောက်တစ်ချက်က ကျွန်တော့်အနေနဲ့ ပြောချင်တာက ဒီ လောလောဆယ် တိုင်းရင်းဆေးဆရာမှတ်ပုံတင်ရရှိပြီးတဲ့မြန်မာ့တိုင်းရင်းဆေးဆရာများ (၇၁၁၅)ဦး ရှိပြီး၊ ၎င်းတို့ထဲမှာ ၁၉၆၂ ခုက စတင်ခဲ့တဲ့သူက အမျိုးမျိုးရှိတယ်။ (၃)ဘာသာအောင်မြင်၊ (၄)ဘာသာအောင်မြင်တယ်။ (၁)နှစ်သင်တန်းအောင်မြင်တယ်။ ဒီပလိုမာအောင်မြင်တယ်။ အမျိုးမျိုးရှိပါတယ်။ အဲဒီတော့ ဒီအချက်က အလွန်အရေးကြီးပါတယ်။ ဒီ အောင်မြင်တဲ့လူတွေထဲမှာ တချို့သည် Acupuncture ကို သင်ရတဲ့သူတွေလည်း ရှိတယ်။ တချို့သည် Acupuncture ကို မသင်ရတဲ့သူရှိတယ်။ ဆိုလိုတာက ဒီ ကျွန်တော်တို့ ဒီ (တဆ) ရတာနဲ့ အကုန်လုံးကို တတ်တယ်လို့ ပြောလို့မရပါဘူး။ ကျွန်တော်တို့ MBBS မှာရရင် အကုန်လုံး ဘာသာနီးပါးကို အကြမ်းအားဖြင့်တော့ ကျွန်တော်တို့ သိတဲ့သဘောရှိပါတယ်။ နည်းနည်းတော့ရှုပ်လို့ အဲဒါကြောင့်၊ အဲဒီတော့ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဒီ ညွှန်ကြားရေးမှူးချုပ်ထုတ်တဲ့ အမိန့်စာနဲ့ပတ်သက်ပြီးတော့ ဒီ အမိန့်စာက သူက လျှို့ဝှက်၊ ဌာနတွင်း အမိန့်စာပဲ ဖြစ်ပါတယ်။ ဒီအမိန့်စာကို ရည်ရွယ်တာက ဘယ်သူလဲဆိုတော့ ပါမောက္ခချုပ် တိုင်းရင်းဆေးတက္ကသိုလ် မန္တလေး၊ ညွှန်ကြားရေးမှူးများအားလုံး၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှူးအားလုံး (မန္တလေး)၊ နောက် ဆေးရုံအုပ်များအားလုံး၊ ဆေးရုံအုပ်ဆိုတာ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ဆေးရုံအုပ်တွေပါ။ တိုင်းရင်းဆေးရုံအုပ်တွေ အကုန်လုံး ကျွန်တော်တို့ တင်ပြဖို့ပြောကြားတဲ့အမိန့်စာ ဖြစ်ပါတယ်။ လျှို့ဝှက်အမိန့်စာ ဖြစ်ပါတယ်။ အမိန့်စာကတော့ အကြောင်းအရာကတော့ တိုင်းရင်းဆေးရုံ၊ ဆေးခန်းများနှင့် ကွင်းဆင်းကုသခြင်းများတွင် မိမိတို့တရားဝင်ကုသခွင့်လိုင်စင် ရရှိထားခြင်းမရှိသော မြန်မာ့တိုင်းရင်းဆေးပညာနှင့် သက်ဆိုင်ခြင်းမရှိသည့်

Specialization ဘာသာရပ်နှင့် နည်းပညာရပ်များကို အသုံးပြု၍ ကုသခြင်းမပြုလုပ်ရန်ကိစ္စ။ Acupuncture ဆိုပြီး Specific Subject ဆိုတာမပြောထားပါဘူး။

အထက်ပါအကြောင်းအရာကိစ္စနှင့်ပတ်သက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအားလုံးသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ဆေးရုံ၊ ဆေးခန်းများတွင်သော်လည်းကောင်း၊ ကွင်းဆင်းကုသရာတွင်လည်းကောင်း (၁) မြန်မာ့တိုင်းရင်းဆေးပညာ၏ ဂုဏ်သိက္ခာမညှိုးစေရန်နှင့် လူနာများအန္တရာယ်မဖြစ်စေရန်အတွက် မိမိတို့ တရားဝင်ကုသခွင့်လိုင်စင် ရရှိထားခြင်းမရှိသော မြန်မာ့တိုင်းရင်းဆေးပညာနှင့် သက်ဆိုင်ခြင်းမရှိသည့် Specialization ဘာသာရပ်များနှင့် နည်းပညာရပ်များကို အသုံးပြု၍ ကုသခြင်းများဆောင်ရွက်ခြင်း၊ အသုံးပြုခြင်း မပြုလုပ်ရန်ညွှန်ကြားလိုက်သည်။ (၂) မိမိအောက်ရှိ မြို့နယ်တိုင်းရင်းဆေးကုသဌာနအထိ တိကျစွာလိုက်နာဆောင်ရွက်ရေးအတွက် ထပ်ဆင့်အကြောင်းကြားခြင်းဖြစ်သည်တဲ့၊ အဲဒီတော့ ရုံးတွင်းစာအနေနဲ့ ကျွန်တော်တို့ ထုတ်ခြင်းဖြစ်ပါတယ်။ ဒီအချက်က။နည်းနည်းတော့ ရှုပ်တော့။ တစ်ခုပြီးတစ်ခု ကျွန်တော်ပြောတာ။ ဒီ တရုတ်အပ်စိုက်ကုသပညာရပ် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်မှ ကျွန်တော်တို့အနေနဲ့ကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း တရုတ်နိုင်ငံမှ Ms. WanLinn လာပါတယ်။ WHO အထောက်အပံ့နဲ့ ၂၀၀၅ ခုနှစ်က။ သူလာတဲ့အခါမှာ သူက (၃)လပဲ သင်ပါတယ်ခင်ဗျာ။ (၃)လ သင်တဲ့အခါမှာလည်း စနေ၊ တနင်္ဂနွေ မပါ ပါဘူး။ တစ်နေ့ကို (၃)နာရီပဲ သင်ပါတယ်။

ဆိုလိုတာက သူသင်ခြင်းအားဖြင့် သင်ကြားခံရတဲ့လူများသည် Specialist မဖြစ်နိုင်ပါဘူး။ သူ သင်တာလည်း စုစုပေါင်း (၁၇၂) ဦး၊ (၁၇၁)ဦး ဆိုတော့ (၃၄၃)ဦး သင်ပါတယ်။ (၃၄၃)ဦးကို သူတစ်ယောက်တည်းသည် (၃)လပဲ သင်တယ်။ စနေ၊ တနင်္ဂနွေမပါဘူး။ အဲဒီသဘောရှိပါတယ်။ သို့သော်လည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း ကျွန်တော်တို့ ဒီ တရုတ်နိုင်ငံကို (၂)ဦးလွှတ်ပါတယ်။ (၂)နှစ်ဆိုသော်ငြားလည်း (၁)နှစ်က တရုတ်စာသင်ရပါတယ်။ နောက်ထပ် (၈)လကိုပဲ Acupuncture နဲ့သင်ရပါတယ်။ သူတို့က သင်ကြားပေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ တရုတ်နိုင်ငံကိုသွားတဲ့အခါမှာ တရုတ်နိုင်ငံမှာဆိုရင် Undergraduate မှာ နာရီပေါင်း(၁၈၀) လောက်သင်တဲ့အပြင် ကုသခွင့် မရသေးပါဘူး။ Acupuncture အနေနဲ့က၊ သူ ထပ်ပြီးတော့ M.Sc, Ph.D ရတဲ့အပြင် ရပြီးရင်လည်း စာမေးပွဲLicense စာမေးပွဲဖြေရပါတယ်။ ပြီးမှသာလျှင် သူတို့အနေနဲ့ Acupuncture ကို လုပ်ခွင့်ရှိပါတယ်။

ကျွန်တော်တို့ဆိုလိုတာကတော့ Acupunctureကို မလုပ်နဲ့လို့ မတားမြစ်ပါဘူး။ ဒါပေမဲ့Acupuncture သည် ကျွန်တော်တို့ ခုန နယ်ကြီး(၄)ခုအောက်မှာ ကြည့်တဲ့အခါမှာ မြန်မာ့တိုင်းရင်းဆေးရဲ့ ဘာသာရပ်တစ်ခု မဟုတ်တဲ့အတွက် ကျွန်တော်က ပြောခြင်းဖြစ်ပါတယ်။ ဆိုလိုတာက မကုနဲ့လို့ မပြောဘူး။ ကုသော်လည်း ကျွန်တော်တို့က ကုသည့်လူသည် ဒီဘာသာရပ်မှာ ကျွမ်းကျင်ရမယ်။ အပ်ထိုးတယ်ဆိုကတည်းက ဒါ Trauma အမျိုးမျိုးဖြစ်နိုင်ပါတယ်။ မဟုတ်တဲ့နေရာ သွားထိုးမိရင် Nerve Injury တွေဘာတွေက အမျိုးမျိုးရှိပါတယ်။ အဲဒီသဘောကို ကျွန်တော်တို့က ဆိုလိုခြင်းဖြစ်ပါတယ်။ နည်းနည်းတော့ ပြီးတော့ပြီးမှာပါ။ ကျွန်တော်တို့အနေနဲ့ ဒီ တရုတ်တော့၊ ဗမာတော့ မဟုတ်ဘူးပေါ့လေ။ Acupunctureအနေနဲ့ ကျွန်တော်တို့က ထပ်ပြီးတော့ ဒီတိုင်းရင်းဆေး

တက္ကသိုလ်မှာ သင်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့အနေနဲ့ ပိုပြီးတော့ကျွန်တော်တို့ဆရာတွေ ပိုတတ်အောင်၊ အထူးသဖြင့် တရုတ်ကဒါကို နံပါတ်(၁)လောက်နီးပါးလောက် တော်တဲ့အတွက် ဒီမှာထပ်ပြီးတော့လွှတ်ပြီးမှ ကျွန်တော်တို့ တိုင်းရင်းဆေးတက္ကသိုလ်မှာ ဘယ်လိုဆက်သင်မလဲဆိုတာကို ကျွန်တော်တို့ စဉ်းစားဖို့လိုပါတယ်။ အခု လောလောဆယ်အခြေအနေမှာတော့ (တဆ) ရတဲ့သူများ သည် ဒီAcupunctureကို Specialist မဟုတ်သေးပါဘူး။Acupunctureကို မကုနဲ့လို့တော့ ကျွန်တော်တို့ ဆိုလိုခြင်းမဟုတ်ပါဘူး။

သို့ဖြစ်ပါ၍အချုပ်အားဖြင့် တင်ပြရရင်တော့ မည်သည့်ဘာသာရပ်မဆို ဖြစ်စေ၊ စနစ်တကျ ကျွမ်းကျင်အောင် သင်ကြားတတ်မြောက်ထားပါက အသုံးပြုကုသခြင်းကို တားမြစ်ပိတ်ပင်ထားခြင်း မရှိကြောင်းလေးစားစွာဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။(ဩဘာသံများ)

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စား လှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမိုင်းအုဏ်းခိုင်၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ မန်တုံမြို့၊ မြို့မရပ်ကွက်ရှိ အားကစားကွင်းကို အဆင့်မြှင့်တင်ပြီးမှ မိုးလုံ၊ လေလုံအားကစား ကွင်းအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်၍ ဒီ ပလောင်မြို့ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံ၊ မြို့မရပ်ကွက်ရှိ အားကစားကွင်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၊ အားကစားပိုင်မဟုတ်ပါဘူးခင်ဗျား။ အများပြည်သူပိုင် အားကစားကွင်းအဖြစ် ဒေသခံများက သတ်မှတ်ထားသောကွင်းသာလျှင် ဖြစ်ပါတယ်။ လက်ရှိ ဒီ မန်တုံ၊ မြို့မရပ်ကွက်ရှိ အများပိုင်အားကစား ကွင်းဧရိယာအကျယ်က အလျားပေ(၄၀၀)၊ အနံပေ(၂၀၀)ပဲ ရှိပါတယ်။ ဘောလုံးကွင်း တစ်ကွင်းလုပ် မယ်ဆိုလို့ရှိရင် ကင်းလွတ်ဇုန်များ မပါရင်တောင်မှ အတိုင်းအားဖြင့် အလျား(၃၄၅)ပေ၊ အနံ(၂၂၅)ပေ ရှိမှ အဆင့်မြင့်စံချိန်မီအားကစားကွင်း တစ်ကွင်းဆောက်လို့ရမယ် ဖြစ်ပါတယ်။

ဒါကြောင့် လိုအပ်သောမြေအကျယ်အတိုင်းကိုမှ အလျားပေ(၆၀၀)၊ အနံ ပေ(၄၀၀) အနည်း ဆုံးရှိရပါမယ်။ မန်တုံမြို့၊ မြို့မရပ်ကွက်ရှိ ပြည်သူပိုင်အားကစားကွင်းမှာ အနံက ပေ(၂၀၀)ပဲ ရှိတဲ့ အတွက် ဘောလုံးကွင်းပင် ဖောက်လုပ်၍ မရပါ။ သို့ပါ၍ ဒါပေမဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ခုနပဲမေးတဲ့မေးခွန်းထဲမှာတော့ မပါပါဘူး။ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးပြောတာက (၆)ဧကရှိတဲ့ မြေတော့ ရှိပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ တင်ပြလိုတာက အဆင့်မြင့် စံချိန်မီ မန်တုံအားကစားကွင်း အဖြစ် ဆောင်ရွက်ရန် လိုအပ်သောမြေအကျယ်အဝန်း အလျားပေ(၆၀၀)၊ အနံ ပေ(၄၀၀)ရရှိရန် ဦးစွာ ဆောင်ရွက်ရမည်ဖြစ်ပြီး၊ သို့သော် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ (၆)ဧက ရှိပြီ ဆိုလျှင်တော့ ဒီ (၆)ဧကမှာ ကျွန်တော်တို့ လုပ်လို့ရပါတယ်။ လုပ်လို့ရတဲ့အခါမှာ ရှမ်းပြည်နယ်၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေတွင် ဦးစားပေးအဆင့်အလိုက် ထည့်သွင်းဆောင်ရွက်လို့ရှိရင်တော့ ရမည်ဖြစ်ကြောင်း ကျွန်တော်တို့အနေနဲ့ လေးစားစွာဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသား

လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ငွေ၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ကြက်ဆူကျင်း တိုက်နယ်ဆေးရုံတွင် အဆောက်အဦ ဟောင်းနွမ်းပျက်စီးနေခြင်းနှင့် ဝန်ထမ်းအိမ်ရာများ မလုံလောက်ခြင်းတို့အတွက် ကျန်းမာရေးဌာနမှ မည်ကဲ့သို့ဖြေရှင်းမည်ကို သိလိုခြင်းနှင့်ပတ်သက်၍ ရေစကြိုမြို့နယ်၊ ကြက်ဆူကျင်းစံကိုက် တိုက်နယ်ဆေးရုံတွင် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ရေးအတွက် ကုသရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေတွင် သန်း(၂၀၀) အဆိုပြုတင်ပြတောင်းခံထားပါကြောင်း၊ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ကြက်ဆူကျင်း တိုက်နယ်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးနှင့် ဝန်ထမ်း(၅)ဦးအတွက် ဝန်ထမ်းအိမ်ရာဆောက်ပေးရေးကိစ္စနှင့်ပတ်သက်၍ ၂၀၁၇-၂၀၁၈ခု၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ငွေလုံးငွေရင်း ဘတ်ဂျက်မှာ ပိတ်သွားပြီ ဖြစ်သည့်အတွက် ၂၀၁၇-၂၀၁၈၊ ဖြည့်စွက်ရန်ပုံငွေတွင် တောင်းခံပေးမည် ဖြစ်ပါသည်။

ထို့အပြင် ဤဆေးရုံကြီးမှာ အလွန်ပျက်စီးနေတဲ့အတွက် Emergency Repair အနေနဲ့လုပ်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ အမြန်ဆုံးလုပ်ပေးပါမယ်။ ဆောက်တာတော့ မဟုတ်ပါဘူး။ သို့သော် အခုသန်း(၂၀၀)ကျရင်တော့ ကျွန်တော်တို့ ပြန်ပြီးလုပ်ပေးပါမယ်။အဲဒီတော့ အကယ်၍နိုင်ငံတကာအဖွဲ့အစည်းနှင့်အလှူရှင်များ ကျွန်တော်တို့ကိုပေးပါတယ်။ 3 MDG တို့ပေးပါတယ်။ နောက် JICA ကလည်း ပေးပါတယ်။ ဒီ ကျွန်တော်တို့ ဆေးရုံတွေဆောက်ဖို့။ ကျေးလက်ကျန်းမာရေးဆောက်မယ်ဆိုရင် ကျွန်တော် ဒါ ဦးစားပေးပြီး ကျွန်တော်တို့လုပ်ပေးပါမယ်။ သူတို့ အခုဆိုရင်ဧရာဝတီတိုင်းမှာလည်း အများကြီးပေးပါတယ်။ အခြားမြို့နယ်မှာ လားရှိုးဆေးရုံကြီး၊ လွိုင်ကော်ဆေးရုံကြီး စသဖြင့်အများကြီး JICA က ပေးပါတယ်။ ကျွန်တော်တို့ JICA နဲ့ ဆွေးနွေးတဲ့အခါမှာလည်း ဒီကိစ္စကို ကျွန်တော် တင်ပြပြီးတော့ သူတို့ရဲ့အထူးကိစ္စတစ်ရပ်အနေနဲ့ ဒါကို ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင်တော့ ဒါကို အမြန်ဆုံးဖြစ်နိုင်ကြောင်း ကျွန်တော့်အနေနဲ့ လေးစားစွာဖြေကြားရင်းနိဂုံးချုပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လိုရင်း၊ လိုရင်းမေး။

**ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)**။ ။ Acupuncture ပညာနဲ့ပတ်သက်လို့ မြန်မာနိုင်ငံမှာ သင်ယူထားတဲ့ ဘွဲ့ရပြီးတဲ့ ပုဂ္ဂိုလ်များဟာ မပြည့်စုံသေးတဲ့အတွက် သူတို့ပြည့်စုံဖို့ လုပ်ပေးဖို့လိုတယ် ဆိုလို့ရှိရင် အဲဒီပညာရပ်အတွက် ကျွန်တော်တို့က ပြည့်စုံအောင် လုပ်ပေးဖို့ အစီအစဥ်များ ရှိပါတယ်။ နောက်တစ်ခုကလည်းပဲ ကျွန်တော်တို့ ဝန်ကြီးဖြေဆိုသွားတဲ့ အထဲမှာ ဒီ လုပ်ထုံးလုပ်နည်း အားလုံးကို ကျွန်တော် တရုတ်နိုင်ငံ သက်ဆိုင်ရာဌာနကို တရားဝင်မေးမြန်းပြီးတော့ ပြန်လည်ထပ်ပြီးတော့ အစီရင်ခံပါ့မယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ Acupuncture နဲ့ပတ်သက်ပြီး ဒါလည်း ကျွန်တော်တို့ တိုးတက်အောင် ကျွန်တော်တို့ တရုတ်နိုင်ငံနဲ့လည်းဆက်သွယ်ပြီးလုပ်ပါမယ်။ ကျွန်တော် အရင်အပတ်ကလည်း တရုတ်ကျန်းမာရေးဝန်ကြီးနဲ့လည်းတွေ့ခဲ့ ပါတယ်။ တရုတ်ကျန်းမာရေးလည်းကျွန်တော် ပြောပါတယ်။ သူတို့ရဲ့ တိုင်းရင်းဆေး။ သူတို့

တိုင်းရင်းဆေး ဆိုလို့ရှိရင် Acupuncture ပါ ပါမယ်။ သူတို့ကလည်း လုံး၀ အကူအညီပေးပါမယ်။ ကျွန်တော် မကြာခင်အတွင်းမှာပဲ ကျွန်တော် ဒီ တရုတ်သံအမတ်ကြီးနဲ့ ဆက်ပြီးဒီကိစ္စတင်မကပါဘူး။ အခြားကိစ္စတွေလည်း သူတို့က အများကြီးအကူအညီပေးဖို့ရှိပါတယ်။ ကျွန်တော်တို့ ခု ဆက်သွယ်ပြီး တော့ဆောင်ရွက်ပေးပါမယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းအားလွှတ်တော်သို့ တင်သွင်းခြင်း**

**အချိန်၊၁၁း၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊၁၁း၀၂။**

**ဦးလှသိန်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌဦးလှသိန်း ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဆင့် ဆင့်တွင် အစိုးရသက်တမ်းနှင့်အညီ အမြဲတမ်း ဖွဲ့စည်းထားရန် မလိုအပ်ဘဲ ရွေးကောက်ပွဲတစ်ခုခု ကျင်းပရန်လိုအပ်မှသာ သက်တမ်းကာလသတ်မှတ်၍ ဖွဲ့စည်းသင့်ပါတယ်။

ယင်းသို့ ဖွဲ့စည်းတဲ့အခါမှာလည်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အမှန်တကယ် လုပ်ကိုင်ရသော သက်တမ်းနှင့်အညီ နိုင်ငံတော်က ကျခံရသော လစဉ် ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ရရှိခံစားနိုင်ရန်အတွက် အဆိုပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအားဆွေးနွေးနိုင်ရန်အတွက် အမျိုးသားလွှတ်တော်သို့ တင်သွင်းအပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန် ပေးအပ်သော ကော်မတီဝင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကိုဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍

ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊၁၁း၀၃။**

**ဒေါ်အုန်းကြည်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁/၂၀၁၆-၃၈၄
ရက်စွဲ၊ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်

၁။ ပြည်ထောင်စုလွှတ်တော်ကပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်အတွက် ၂၈-၁၁-၂၀၁၆ ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ပညာရှင်တို့နှင့်၂-၁၂-၂၀၁၆ရက်နေ့တွင်တွေ့ဆုံညှိနှိုင်းဆွေးနွေး ခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် သက်တမ်းသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်တမ်းနှင့်အညီထားသည်မှာ သင့်မြတ် သော်လည်း ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှာမူ လွှတ်တော်သက်တမ်းတစ်ခုအတွင်း ရွေးကောက်ပွဲ တစ်ကြိမ်လျှင် မတိုင်မီ ၆ လ၊ နောက်ပိုင်း ၃ လ၊ ပေါင်း ၉ လထက်ပိုပြီး လုပ်ငန်းဆောင်ရွက် ရခြင်းမရှိသည့်အတွက်ကြောင့် ယင်းအဖွဲ့ဝင်များကို လစဉ် ချီးမြှင့်ငွေပေးအပ်ရာတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေများကို အမှန်တကယ်ကုန်ကျသင့်သလောက်သာ ကုန်ကျစေရန်နှင့် နိုင်ငံတော်အတွက် တာဝန်ယူပေးကြရသော နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကော်မရှင်အဖွဲ့ခွဲဝင်များ၏ ဆောင်ရွက်ချက် များကို အသိအမှတ်ပြု၍ ပြင်ဆင်ထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါကပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲအလိုက်အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၉-၁၂-၂၀၁၆ရက် (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၃)ရက်မြောက်နေ့အစည်းအဝေးဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**အချိန်၊၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၁း၀၈နာရီအချိန်တွင် ရပ်နားပါသည်။]